# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# ၃၁ ရက်မြောက်နေ့ အစီအစဉ်
# [ ၂၅-၃-၂၀၁၄ ] (အင်္ဂါနေ့) ၁၃၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဇော်ဝင်းအောင်၊ မြင်းမူ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် အားကစားနည်းပေါင်းများစွာ တိမ်မြုပ်ပျောက်ကွယ်နေပြီး လူငယ်များ၏ အကျင့်စာရိတ္တမထွန်းကားခြင်း ထိခိုက်နိမ့်ကျမှုဖြစ်ပေါ်နေခြင်းအား မည်ကဲ့သို့ ထိန်းသိမ်းဆောင်ရွက်စီစဉ်ပေးမည်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဒေါ်ခင်သန္တာ၊ တံတားဦး မဲဆန္ဒနယ်၏ **စဉ့်ကူးမြို့နယ်၊ ကံတောင်ကျေးရွာ၏ အရှေ့မြောက်ဘက်ရှိ မြေ ၇ ဧက ခန့်အား ကံတောင်ရွှေလုပ်သားကုမ္ပဏီကို ရွှေတွင်း ဆက်လက်တူးဖော်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးအောင်မြင့်၊ ဂန့်ဂေါ မဲဆန္ဒနယ်၏ **ပြည်သူများ၏ ကျန်းမာရေး ကြိုတင်ကာကွယ်နိုင်ရန် နယ်လှည့်၍ ဆေးကုသပေးခြင်း၊ ရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ ဆေးဝါးများဖြန့်ဖြူးပေးခြင်း၊ ပညာပေးခြင်း လုပ်ငန်းများကို စီမံချက်ချ၍ ဆောင်ရွက်ပေးရန်နှင့် ကျေးရွာအုပ်စုတိုင်း၌ သားဖွားဆရာမများ ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးစိုင်းမောင်တင်၊ လဲချား မဲဆန္ဒနယ်၏ **လဲချားမြို့နယ် ပြည်သူ့ဆေးရုံအား အဆင့်မြင့် ၂၅ ခုတင်ဆံ့ စံကိုက်ဆေးရုံ အဖြစ်သို့ ပြောင်းလဲတိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးစိုင်းအွမ်ဆိုင်မိုင်း၊ ကျေးသီး မဲဆန္ဒနယ်၏ **ကျေးသီးမြို့နယ်တွင် တိုင်းရင်းဆေးပေးခန်း ဖွင့်လှစ်ပေးရန်နှင့် တိုင်းရင်းဆေးပညာဝန်ထမ်း စေလွှတ်ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **" နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **" စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၈။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **" အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်း"** ကို လက်ခံ ရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး ၃၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၂ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။